**ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်တင်စိုး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် (၂၀)ကြိမ်မြောက် အာဆီယံနိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် (၅)ကြိမ်မြောက် အာဆီယံနှင့် အပေါင်းသုံး နိုင်ငံ့ဝန်ထမ်း အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတို့သို့ Video Conferencing စနစ်ဖြင့် တက်ရောက်ခဲ့ခြင်း**

**နေပြည်တော်၊နိုဝင်ဘာလ (၁၇) ရက်**

ယနေ့နံနက်ပိုင်းနှင့်မွန်းလွဲပိုင်းတို့တွင်အာဆီယံနိုင်ငံ့ဝန်ထမ်းဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍ (ASEAN Cooperation on Civil Service Matters–ACCSM) ၏ (၂၀၁၉–၂၀၂၀) အလှည့်ကျ ဥက္ကဋ္ဌအဖြစ်တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ထိုင်းနိုင်ငံ၊ နိုင်ငံ့ဝန်ထမ်းကော်မရှင်ရုံးမှ ဦးဆောင်၍ ဗွီဒီယိုကွန်ဖရင့်စနစ်ဖြင့်(၂၀)ကြိမ်မြောက် အာဆီယံနိုင်ငံ့ဝန်ထမ်း အဖွဲ့အစည်းဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများအစည်းအဝေးနှင့် (၅)ကြိမ်မြောက် အာဆီယံနှင့်အပေါင်းသုံး နိုင်ငံ့ဝန်ထမ်း အဆင့်မြင့် အရာရှိကြီးများအစည်းအဝေးတို့ကို Video Conferencing စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးများသို့ အာဆီယံနိုင်ငံအသီးသီးမှ နိုင်ငံ့ဝန်ထမ်းကဏ္ဍဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများနှင့်အတူ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်တင်စိုး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး ထိုင်းနိုင်ငံ၊ နိုင်ငံ့ဝန်ထမ်းကော်မရှင်ရုံးမှ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် Dr. Piyawat Sivaraks က အဖွင့်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

ယင်းအစည်းအဝေးများ၌ အာဆီယံနိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ၏ လုပ်ငန်းစီမံချက် (၂၀၁၆–၂၀၂၀) [ACCSM Work Plan(2016– 2020)] အောက်၌ ဆောင်ရွက် အကောင်အထည်ဖော်ခဲ့သည့် လုပ်ငန်းစဉ်များအပေါ် ဆန်းစစ်သုံးသပ်ပြီးနောင်လာမည့် (၅)နှစ်တာကာလ အတွင်း ပိုမိုထိရောက်အကျိုးရှိစေရေး အကြံပြုဆွေးနွေးပေးခြင်း၊ အာဆီယံနိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးကဏ္ဍ၏ လုပ်ငန်းစီမံချက်(၂၀၂၁–၂၀၂၅) [ACCSM Work Plan(2021– 2025)]နှင့် အာဆီယံနှင့် အပေါင်းသုံးနိုင်ငံများ၏ နိုင်ငံ့ဝန်ထမ်းဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ လုပ်ငန်းစီမံချက် (၂၀၂၁–၂၀၂၅) [ACCSM Plus Three Work Plan (2021– 2025)]တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ အာဆီယံ၏ အခြားဆက်စပ်အစည်းအဝေးများမှ ACCSMကဏ္ဍနှင့် သက်ဆိုင်သည့် အတည်ပြုချက်နှင့် ဆုံးဖြတ်ချက်များအပေါ် လေ့လာသုံးသပ်ခြင်း၊ နိုဝင်ဘာလ (၁၈) ရက်နေ့တွင်

ကျင်းပမည့် (၂၀) ကြိမ်မြောက် အာဆီယံနိုင်ငံ့ဝန်ထမ်း အဖွဲ့အစည်းအကြီးအကဲများအစည်းအဝေး (The Heads Meeting for the 20th ACCSM) နှင့် (၅) ကြိမ်မြောက်အာဆီယံအပေါင်းသုံး နိုင်ငံ့ဝန်ထမ်း အဖွဲ့အစည်း အကြီးအကဲများအစည်းအဝေး (The 5th Heads of Civil Service Meeting for the ASEAN Plus Three Cooperation on Civil Service Matters) များ၏ အစည်းအဝေး အစီအစဉ်ကို အတည်ပြုခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။

ထို့အပြင် (၂၁) ကြိမ်မြောက် အာဆီယံနိုင်ငံ့ဝန်ထမ်းဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ၏ ဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းထမ်းဆောင်မည့် ဗီယက်နမ်နိုင်ငံမှ အဆင့်မြင့်အရာရှိကြီးက ၎င်းတို့ အလှည့်ကျတာဝန်ယူသည့်ကာလအတွင်း ကြိုတင်ပြင်ဆင်ထားရှိမှုများအား တင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။